ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# မြန်မာ့ပုလဲလုပ်ငန်း နည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့်နည်းဥပဒေများ

၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်
၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**ဝန်ကြီးရုံး**

**နေပြည်တော်**

**အမိန့်ကြော်ငြာစာအမှတ် ( ၅၅ /၂၀၁၆)**

၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်

(၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် မြန်မာ့ပုလဲလုပ်ငန်း ဥပဒေပုဒ်မ ၄၁၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို " မြန်မာ့ပုလဲလုပ်ငန်း နည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ" ဟုခေါ် တွင်စေရမည်။

၂။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေ ၇၊ နည်းဥပဒေခွဲ(ဂ)အား အောက်ပါအတိုင်း အစားထိုးရမည်-

" ၇။ (ဂ) ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)အရခွင့်ပြုမိန့်ရရှိသူမှ ခွင့်ပြုမိန့်သက်တမ်းမကုန်မီ ၁ နှစ် ကြိုတင်၍ သက်တမ်းတိုးမြှင့်ရန် လျှောက်ထားလာပါက စိစစ်ပြီးသတ်မှတ်ချက်များနှင့် ကိုက်ညီပါက တစ်ကြိမ်လျှင် ၁၅နှစ်စီဖြင့်သက်တမ်းတိုးမြှင့်ပေးနိုင်သည်။"

၃။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ အခန်း(၈) ခေါင်းစဉ်အား အောက်ပါအတိုင်း အစားထိုးရမည်-

## အခန်း(၈)

## တန်ဖိုးဖြတ်အဖွဲ့၏လုပ်ငန်းတာဝန်များ

၄။ မြန်မာ့ပုလဲလုပ်ငန်း နည်းဥပဒေများ၏ နည်းဥပဒေ ၂၉ အား ပယ်ဖျက်လိုက်သည်။

၅။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေ ၃၀၏ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၀။ တန်ဖိုးဖြတ်အဖွဲ့သည် ဥပဒေပုဒ်မ ၂၆ ပါလုပ်ငန်း တာဝန်များ ဆောင်ရွက်ရာတွင် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-"

၆။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေ ၃၀၊ နည်းဥပဒေခွဲ(က)အား အောက်ပါအတိုင်း အစားထိုးရမည်-

"၃၀။ (က) တန်ဖိုးဖြတ်အဖွဲ့သည် ခွင့်ပြုမိန့်ရရှိသော ဖက်စပ်ပုလဲမွေးမြူရေးကုမ္ပဏီများက ဖော်ယူရရှိသည့် ပုလဲများကို လာရောက်ပြသလျှင် ပုလဲများ၏ အရည်အသွေး၊ အရေအတွက်၊ အလေးချိန်နှင့် အရွယ်အစားတို့ကို သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ရေးသွင်း၍ တန်ဖိုးသတ်မှတ်ပေးရမည်။"

၇။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေ ၃၇ တွင် နည်းဥပဒေခွဲ (ဂ)၊ (ဇ)၊ (ဈ)နှင့် (ည)တို့ကို ပယ်ဖျက်လိုက်သည်။

၈။ မြန်မာ့ပုလဲလုပ်ငန်းနည်းဥပဒေများ၏ နည်းဥပဒေ ၃၇၊ နည်းဥပဒေခွဲ(ဆ)အား အောက်ပါအတိုင်း အစားထိုးရမည်-

"၃၇။ (ဆ) ဝတ်ဆံသွင်းလုပ်ငန်းစီမံချက်နှင့် ဝတ်ဆံသွင်းပြီးကြောင်းအစီရင်ခံစာများကို တင်ပြအတည်ပြုချက်ရယူရမည်။"

အုန်းဝင်း
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ၄ ခွဲ (၂) ၁၆/သတ္တု ( ၇၁၀၁ )
ရက်စွဲ ၊ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်

**<u>ဖြန့်ဝေခြင်း</u>**

နိုင်ငံတော်သမ္မတရုံး
သမ္မတဦးစီးရုံး
ဒုတိယသမ္မတဦးစီးရုံးများ
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီရုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးအားလုံး

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန
} မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းကြေညာပေး ပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

အမိန့်အရ

ဌေးအောင်
အမြဲတမ်းအတွင်းဝန်